KPSN

## ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်

## ကရင်အာဇာနည်နေ့ နှင့် ဦးဆောင်ကျင်းပသူများအားတရားစွဲဆိုမှုအပေါ် သတင်းထုတ်ပြန်ချက်

စက်တင်ဘာလ ၁၁ ရက် ၂၀၁၉

ရန်ကုန်မြို့တွင် ကရင်အာဇာနည်နေ့အခမ်းအနားအား ဦးဆောင်ကျင်းပသူ နော်အုန်းလှနှင့် အခြားသူနှစ်ဦးတို့အပေါ် အစိုးမှတရားစွဲဆိုမှုအား ချက်ချင်းရုပ်သိမ်းပေးရန် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ တောင်းဆိုလိုက်သည်။

အစိုးရမှ အစီအစဉ်ဦးဆောင်သူများအား ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေအရ တရားစွဲဆိုခြင်းသည် တိုင်းပြည်အတွင်း လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်မရှိကြောင်းကို မီးမောင်းထိုးနေခြင်းဖြစ်သည်။ ထို့ကြောင့် ငြိမ်းစုစီဥပဒေကဲ့သို့ ပြည်သူလူထု၏ လွတ်လပ်စွာဆန္ဒထုတ်ဖော်ပိုင်ခွင့်အပေါ် ဖိနှိပ်သော ဥပဒေများကို ပယ်ဖျက်ရန် အစိုးရအားတောင်းဆိုလိုက်ပါသည်။

ကရင်အာဇာနည်နေ့အစီအစဉ်ဦးဆောင်ခဲ့သူများအပေါ် တရားစွဲဆိုထားမှုအား ရုတ်သိမ်းပေးခြင်းနှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကိုကန့်သတ်သောငြိမ်းစုစီ အစရှိသောဥပဒေများအား ရုတ်သိမ်းပေးခြင်းသည် မြန်မာနိုင်ငံအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာထဲတွင် ရှိသည်။ ထို့ကြောင့် တရားစွဲဆိုထားမှုနှင့် ငြိမ်းစုစီ အစရှိသောဥပဒေများကို ရုတ်သိမ်းပေးရန် ကျွန်ုပ်တို့က တိုက်တွန်းလိုက်သည်။

အာဇာနည်နေ့ဟူသော အသုံးအနှုန်းအပေါ် ပိတ်ပင်ခြင်းက မြန်မာနိုင်ငံသည် လူမျိုးဘာသာမတူကွဲပြားသော တိုင်းရင်းသားလူမျိုးများနေထိုင်ရာတိုင်းပြည်နှင့် မတူညီသောတိုင်းရင်းသားလူမျိုးတခုချင်းစီတွင် မတူညီသော ဓလေ့ထုံးတမ်းများ၊ သမိုင်းများ၊ နှင့်သူတို့တန်ဘိုးထားမြတ်နိုးသည့် ကိုယ်ပိုင်အမျိုးသားနေ့များရှိကြောင်းကို အာဏာပိုင်များက နားလည်လက်ခံအသိအမှတ်ပြုခြင်းမရှိကြောင်းကို ပြသလိုက်သည်။

ကရင်လူမျိုးများအတွက် အာဇာနည်နေ့သည် လုပ်ကြံခံခဲ့ရသော ခေါင်းဆောင်စောဘဦးကြီးနှင့် ကျွန်ုပ်တို့၏ ရပိုင်ခွင့်များအတွက် တော်လှန်ရေးလုပ်ရင်း ကျဆုံးခဲ့ရသောသူများအား ပြန်လည်အောက်မေ့သတိရရန် အမှတ်ရလုပ်ဆောင်သော နေ့ထူးနေ့မြတ်ဖြစ်ပြီး ဗမာလူမျိုးများအတွက် အရေးကြီးသောနေ့တစ်နေ့ဖြစ်သည့် ဇူလိုင်လ ၁၉ နေ့တွင် ကျရောက်သော အာဇာနည်နေ့ကဲ့သို့ပင် အရေးကြီးသည်။

အာဇာနည်ဟူသောအသုံးအနှုန်းအပေါ် တားမြစ်ခြင်းသည် ကရင်လူထုတရပ်လုံးကို များစွာထိခိုက်နာကျင်စေပြီး စိတ်အနှောင့်အယှက်ဖြစ်စေသလို ရန်လိုမှုများ ပိုမိုတိုးပွားစေကာ လက်ရှိလုပ်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးအပေါ် ရှိနေသည့် ကရင်လူထုတို့၏ရင်ထဲက မယုံကြည်သံသယဖြစ်မှုများကို ပိုမိုကြီးထွားစေ

သည်။ ထိုမှုမက ကရင်အာဏာနည်နေ့ အစီအစဉ်ဦးဆောင်သူများကိုပါ ရာဇဝတ်မှုမြောက် တရားစွဲဆိုလုပ်ဆောင်မှုသည် လွန်စွာအနတ်သဘောဆောင်ပြီး ပြဿနာပိုမိုကြီးထွားစေသောခြေလှမ်းများပင် ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာရှည်ကြာလျက်ရှိသောပဋိပက္ခများအတွင်း ကျွန်ုပ်တို့ကို ချိုးနှိမ်ရန်၊ ကျွန်ုပ်တို့၏ နယ်မြေဒေသနှင့် သဘာဝအရင်းအမြစ်များကို ထိန်းချုပ်သိမ်းပိုက်နိုင်ရန်အတွက် ဗမာတပ်မတော်၏ ထိုးစစ်ဆင်မှုများကြောင့် ကရင်မိသားစုများစွာ မိမိတို့ချစ်ခင်ရသူများအား ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ထိုအကြောင်းအရာများသည် ကျွန်ုပ်တို့၏နှလုံးသားများထဲတွင် နက်ရှိုင်းစွာကိန်းအောင်းနေသည်။ ဤအခြေအနေများကြောင့် အစိုးရနှင့်ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အယုံအကြည်မှုကင်းမဲ့လာခြင်းများကို လစ်လျူရှုမထားသင့်ပေ။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရှိလာရန် ဗမာပြည်ရှိ တိုင်းရင်းသားများအားလုံးနှင့် တိုင်းရင်းသားတမျိုးချင်းစီ၏ မတူညီကွဲပြားသော ဘာသာရေးယုံကြည်ချက်များကို တန်းတူညီမျှစွာ လက်ခံအသိအမှတ်ပြုရန်လိုအပ်ပြီး၊ ၄င်းတို့၏ နေ့ထူးနေ့မြတ်များအပေါ် အမည်တပ်ပိုင်ခွင့် နှင့် ကျင်းပခွင့်များအား လွတ်လပ်စွာပေးရန်လိုအပ်သည်။

ဆက်သွယ်ရန်

နော်ဝါးခူရှီး +၆၆ ၀၈၆ ၁၁၈ ၂၂၆၁ ( ကရင်၊ အင်္ဂလိပ်)

စောအဲလက်(စ်) - +၉၅ ၀၉၇၇ ၉၃၁ ၃၅၇၅ ( ကရင်၊ အင်္ဂလိပ်၊ မြန်မာ)